The Tenancy Standard Rent (Amendment) Act, 19.
(Act No III of 1951)

# ၁၉၅၁ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ "၁၉၅၁ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေ"ဟု ခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊သီးစားခစံနှုန်း အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၄၂) ပုဒ်မ ၂ အစား အောက်ပါတို့ကိုထည့်သွင်းရမည်။

"၂။ ။(၁) ၁၉၄၆ ခုနှစ်၊သီးစားအက်ဥပဒေတွင်ဖြစ်စေ၊သဘောတူစာချုပ်တွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်သီးစားနှစ်အတွက်မဆို—

(က) စပါးစိုက်ပျိုးသည့်လယ်မြေ၏ သီးစားခစံနှုန်းကို၊ထိုမြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော်ငွေ၏နှစ်ဆထား၍တွက်ချက်ရမည်။

(ခ) ယာမြေနှင့် ကိုင်းမြေများ၏သီးစားခစံနှုန်းကို၊ထိုသီးစားနှစ်တွင် ထိုမြေများမှထွက်သော သီးနှံ၏ငါးပုံတပုံထား၍ တွက်ချက်ရမည်။

(ဂ) ကြံစိုက်ပျိုးသော မြေ၏သီးစားခစံနှုန်းကို၊ ထိုသီးစားနှစ်တွင်ထိုမြေမှထွက်သောကြံ၏ ဆယ်ပုံတပုံထား၍ တွက်ချက်ရမည်။

(၂) သီးစားနှစ်တနှစ်အတွင်း၊ မြေတခုခုပေါ်တွင် တကြိမ်ထက်ပို၍သီးနှံစိုက်ပျိုးလျှင်၊ ထိုသို့ ပိုမို စိုက်ပျိုးသည့် အကြိမ်လိုက်၊ ထိုမြေအတွက် ထိုသို့စိုက်ပျိုးသည့်သီးနှံနှင့်ပတ်သက်၍ သီးစားခလည်းပေးရမည်။

ခြွင်းချက်။ ။သို့ရာတွင် အနည်းဆုံး သုံးနှစ်တဆက်တည်း လယ်ယာထွန်ယက်လုပ်ကိုင်ခြင်းမရှိခဲ့သော လယ်ယာမြေတွင်၊ ဝဋ္ဋမအကြိမ်စပါး၊ သို့တည်းမဟုတ် အခြားကောက်ပဲသီးနှံ မြန်လည်စိုက်ပျိုးလျှင်၊ ယင်းသို့စိုက်ပျိုးသည့် သီးစားနှစ်အတွက် ထိုမြေ၏ သီးစားခစံနှုန်းမှာ ထိုမြေအတွက် ထိုသီးစားနှစ်တွင်ထမ်းဆောင်ရသော မြေခွန်တော်ငွေထက်မပိုစေရ။"

G.U.B.C.P.O.—No. 110, M. of J.A., 26-4-51—2,000—II.

**Price,—One anna.]**